# မန်းမင်းသတင်းလွှာ

အမှတ်စဉ် (၅) ဩဂုတ်လ (၁၀) ရက်၊ ၂၀၁၉


# “ကြောက်မှတ်ဖွယ်ရာအရေပြားရောင်သည့်ရောဂါမှ သခင်ဘုရား၏ကယ်တင်ခြင်းခံရခြင်း”

**ဒေါက်တာဂျေရောက်လီ၏ဆုတောင်းခြင်းဖြင့် အရေပြားရောင်သည့်ရောဂါမှကျန်းမာလာသောအခါ လူတို့အနေဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ချီးမြှောက်ခဲ့ကြသည်။**

၂၀၁၄ ခုနှစ် အစေပိုင်းကာလတွင် အရေပြားရောင်သည့်ရောဂါကြောင့် ဆုတောင်းခံချက်များရောက်ရှိလာသည်။ ဤအရေပြားရောင်သည့်ရောဂါကြောင့် အထက်တန်းကျောင်းသူတစ်ဦးသည် သူ့ကိုယ်သူသတ်သေဖို့ ကြိုးစားခဲ့သည်။ အသက် (၈) နှစ်အရွယ်သမီးသည် ဤရောဂါကြောင့် သူ့ကိုယ်သူသတ်သေခဲ့သည်။ ဤသို့ သေခဲ့သည့်သ တင်းကြောင့် အများပြည်သူများအကြား ဗိုရိမ်ထိတ်လန့် မှုဖြစ်ခဲ့သည်။

ဤအရေပြားရောင်၍ တင်းသည့်ရောဂါသည် နာတာရှည်ရောဂါဖြစ်၍ ငယ်ရွယ်သူများတွင် အဖြစ်များ သည်။ ရောဂါဖြစ်ပေါ်လာရသည့်အကြောင်းကို တိကျစွာမသိရသော်လည်း မျိုးရိုးလိုက်၍ဖြစ်သည့်အပြင် ကိုယ်ခံ အားကျဆင်းမှုကြောင့်လည်း ဖြစ်တတ်သည်။ အခြားဖြစ်နိုင်ချေရှိသောအကြောင်းပြချက်များမှာ အရေပြားခြောက်သွေ့ခြင်း၊ ပြင်းထန်သည့်ယားနာရော ဂါ၊ စိတ်ဖိစီးမှု ပတ်ဝန်းကျင်မှရိုက်ခတ်လာသည့်မကောင်းမှုစသည့်အကြောင်းအရာများပါဝင်သည်။ ကျန်းမာရေးအသက်အာမခံအဖွဲ့၏စစ်တမ်းကောက်ယူမှုအရ ၂၀၀၈ မှ ၂၀၁၂ ကြားကာလ၌ ရောဂါ ကြောင့် ဆေးရုံသို့ ရောက်လာသူများမှာ ၁. ၀၄ သန်းရှိပြီဟုသိရသည်။ ဤရောဂါကုစက်မှုခံရသူများမှာ ၆. ၁ သန်းခန့်ရှိသည်။ ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် ဤရောဂါကိုခံစားရလျက်ရှိသည်။ ကလေးအရေပြားရောင်သည့်ရောဂါသည် ကလေးငယ်၏ရောဂါကိုလည်း ရပ်တန့်စေနိုင်သည်။ ထိုရောဂါကြောင့် စိတ်ဖိစီးမှုများဝင်လာပြီး ပုံမှန်မ ဟုတ်သောအပြုအမူများထွက်ပေါ်လာစေနိုင်သည်။ ထို့ကြောင့် နိုင်ငံနှင့်အဝှမ်းဖြစ်ပွားနေသောရောဂါဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

သို့သော် မန်းမင်းဗဟိုအသင်းတော်၌ အောက်ပါပုဂ္ဂိုလ်များသည် ဘုရားသခင်၏တန်ခိုးတော်ကြောင့် ဤ ရောဂါဘေးမှ လွတ်မြောက်ခဲ့ကြသည်။ ၎င်းတို့မှာ မင်ဟီပတ် (အသက် ၃ နှစ်၊ ပုံ-၁)၊ မင်ဆစ်လီ (အသက် ၉ နှစ်)၊ ယီဂျီကင်း (အသက် ၁၂ နှစ်)၊ ဆယ်ရီပတ် (အသက် ၁၂)၊ မဆောင်လီယူ (အသက် ၁၅ နှစ်)၊ မဟွေ့ဂျင်ချို (အသက် ၁၉ နှစ်)၊ မဆုတ်ယုန်ကင်း (အသက် ၂၉ နှစ်၊ ပုံ-၂) တို့ဖြစ်ကြသည်။ သူတို့သည် ပျော်ရွှင်သောဘဝကို ဖြတ်သန်းနေကြလျက်ရှိသည်။

### လူတို့သည် နောင်တရသောအခါ တန်ခိုးပါသောဆုတောင်းချက်ကြောင့် အရေပြားရောင်သည့်ရောဂါ ပျောက်ကင်းခွင့်ရရှိကြသည်

မစုဘင်ကင်း (အသက် ၂၆ နှစ်၊ ပုံ-၃) သည် အသက် (၄) နှစ်မှစ၍ အရေပြားရောင်သည့်ရောဂါကို ခံစားခဲ့ရသည်။ သူမသည် အထက်တန်းကျောင်းတက်နေစဉ် ပူသောနွေရာသီ၌ပင် မျက်နှာမှအမာရွတ်များကြောင့် နှာခေါင်းစည်းကို အမြဲတတ်ထားရသည်။ ကောလိပ်သို့စတင်ဝင်ရောက်ချိန်တွင် သူမ၏ရောဂါသည် ပိုမိုဆိုးဝါးခဲ့ သည်။ ထိုအခါ သူမသည် နောင်တရလျက် လောကီဆန်သောအမှုကို စွန့်လွှတ်ခဲ့သည်။ ထို့နောက် ဒေါက်တာဂျေ ရောက်လီ၏ ဆုတောင်းခြင်းကို ခံယူသည့်နောက် ဘုရားသခင်း၏ အံ့သြဖွယ်အနာငြိမ်းခြင်းကို လုံးလုံးလျားလျားခံခဲ့ရ သည်။

ယခုအခါ မကင်းသည် မောနေလသံစုံအဖွဲ့တွင် အသံအားဖြင့်အစေခံလျက်ရှိသည်။ သူမက “မျက်နှာ ပေါ်က အနာရှိန်ကြောင့် အိပ်မရတဲ့ညပေါင်းများစွာ ရှိခဲ့တယ်။ ဒါပေမဲ့ အခုကောင်းကောင်းအိပ်လို့ရပါပြီ” ဟု ဝန်ခံခဲ့သည်။ ယခုအခါ အသံအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေနိုင်ဖို့ ဂီတအကြောင်းကို လေ့လာလျက် ရှိသည်။ မစီဟီပတ် (အသက် ၂၂ နှစ်၊ ပုံ-၅) ၏ ဦးခေါင်းတွင်တွေ့ရသောအနာများကြောင့် ဆရာဝန်များပင်ထိတ် လန့်ခဲ့ကြရသည်။



အရေးပြားရောင်သည့်ဂောဂါသည် ကြောက်မက်ဖွယ်ရာကောင်းလှပါသည်။ သို့သော် သူတို့အနေဖြင့် ဘုရားသခင်အပေါ်ရိုးသားစွာ ယုံကြည်လျက် ဆုတောင်းသောအခါ အနာငြိမ်းခြင်းအခွင့်ရရှိခဲ့ကြသည်။

သို့သော် ဒေါက်တာဂျေရောက်လီ၏ဆုတောင်းခြင်းဖြင့် ပြန်လည်ကျန်းမာခွင့်ရရှိခဲ့သည်။ သူမ သည် ဆုတောင်းခြင်းကိုခံယူပြီးမှ (၃) ရက်အတွင်း အရေပြားမှိုနာရောဂါပျောက်ကင်းသက်သာခဲ့သည်။ သူမ၏ရော ဂါဖြစ်နေသော အရေပြားများကွာကျလျက် အသစ်ပြန်ပေါ်ပါသည်။ သူမ၏ အရေပြားရောင်သည့်ရောဂါသာမက ဘဲ မျက်နှာပေါ်မှဝက်ခြံမှုများလည်း ပျောက်ကင်းသက်သာခွင့်ရရှိခဲ့သည်။

ဆိုးဂျန်လီ (အသက် ၁၂ နှစ်၊ ပုံ-၆) သည် ဤရောဂါကြောင့် ခေါင်းဖော်၍ မရလောက်အောင် ဖြစ်ခဲ့ သည်။ သူမ၏ ဖခင်ဒေဆုန်းလီနှင့် မိခင်ယိုမီကင်းတို့သင် အသင်းတော်လူကြီးတာဝန်များကို ထမ်းဆောင်ရသဖြင့် သမီး၏ ရောဂါကြောင့် မိဘနှစ်ပါး၏အပြစ်ကို တွေ့မြင်ခွင့်ရရှိခဲ့ကြသည်။ သူတို့၏နွေးရုံသာရှိသော ခရစ်ယာန်အ သက်တာကို နောင်တရလျက် ဒေါက်တာလီ၏ဆုတောင်းချက်ကို ခံယူခဲ့ကြသည်။ နောက်တစ်နေ့တွင် သူမ၏ အနာမှထွက်သောပြည်များခန်းခြောက်သွားခဲ့သည်။ သူမ၏ ပြည်တည်နေသော အနာများသက်သာပျောက်ကင်းခဲ့သည်။ သူမ၏ အနာများသည် ဆုတောင်းခြင်း ခံယူပြီးမှ (၃) ရက်အတွင်း သက် သာ ပျောက်ကင်းခွင့်ရရှိခဲ့သည်။ ထိုနေ့မှ စ၍ သူမသည် ကျန်းမာပျော်ရွှင်သော ဘဝကိုရရှိလျက် ယခုဆိုလျှင် ဝတ်ပြုကိုးကွယ်ရာတွင် ဘုရားသခင်အား ချီးမွမ်းသည့်ကလေးအကအဖွဲ့တွင် ပါဝင်လျက်ရှိသည်။

မဂျီယောင်လီ (အသက် ၂၁ နှစ်) သည် ပြင်းထန်သည့်ယားနာရောဂါကြောင့် လက်နှစ်ဖက်ကို ပတ်တီးစည်းမှသာလျှင် အိပ်ပျော်နိုင်သည်။ မနူရီယူ (အသက် ၁၄ နှစ်) သည် နွေရာသီ၌ပင် သူမ၏အရေပြားရောဂါ ကြောင့် အကျီလက်တိုကို ဝတ်၍မရခဲ့ပါ။ ထိုနှစ်ဦးတို့သည် ဆုတောင်းခြင်းဖြင့် အနာငြိမ်းခွင့်ရရှိခဲ့သည်။

### ချိုသောမှုအန်ရေနှင့် လက်ကိုင်ပုဝါအသုံးပြုလျက် ဆုတောင်းခြင်းအားဖြင့် ပြည်ပတွင်အနာငြိမ်းခြင်းဖြစ်ခဲ့ သည်။

ဒံယေလသည် ကမ္ဘာ့ခရစ်ယာန်ဆရာဝန်များပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ဒါရိုက်တာ ဒေါက်တာဒံယေလ ဖွန်တစ်အကူစတာ၏သားဖြစ်လျက် မက္ကာစီကိုနိုင်ငံတွင် နေထိုင်ရာမှမွေးရာပါခြေနှင့်လက်တွင် အရေပြားရောင်သည့်ရောဂါဖြစ်ခဲ့သည်။ မန်းမင်းအသင်းတော်မက္ကာစီကို နိုင်ငံသို့သွားရောက်လည်ပတ်ခဲ့သည်။ချိုသော မှုအန်ရေ ကို ယုံကြည်ခြင်းဖြင့် သောက်မည်ဆိုလျှင် ဘုရားသခင်က အနာငြိမ်းခွင့်ပေးခဲ့သည့်သတင်းကို ဒေါက်တာဖွန်တစ်ကကြားခဲ့သည်။ သူသည် ထိုရေကို ယုံကြည်လျက် သားဖြစ်သူကိုတိုက်ခဲ့ရာမှ တစ်ပတ်အတွင်း ထိုရောဂါပျောက် ကင်းသက်သာခွင့်ရရှိခဲ့သည်။ အဲရစ် (အသက် ၈ နှစ်၊ ပုံ-၄) သည် ကင်ညာနိုင်ငံတွင်ရှိလျှက် မွေးဖွားသည့်နောက် (၃) ပတ်အကြာတွင် အရေပြားရောင်သည့်ရောဂါကို ရရှိခဲ့သည်။ သူ၏မျက်နှာသည် ရေနွေးလောင်ထားသည်နှင့် တူခဲ့ရသည်။ ဘီးရှော့ ဒေါက်တာမြောင်ဟိုချွန် (နိုင်ရိုဘီ၊ မန်းမင်းသန့်ရှင်းသော အသင်းတော်) သည် ဒေါက်တာဂျေရောက်လီ ကောင်း ကြီးပေးထားသည့်လက်ကိုင်ပုဝါကို အသုံးပြုလျှက် ထိုလူနာအတွက် ဆုတောင်းသောအခါ (၃) ပတ်အတွင်း ရောဂါ ပျောက်ကင်းသက်သာခဲ့သဖြင့် ယခုအခါ သူ၏အရေပြားသည် မွေးကင်းစကလေးငယ်၏အရေပြားကဲ့သို့ပြန်ဖြစ်လာ သည်။

ဤအရေပြားရောင်သည့်ရောဂါကို ငွေကြေးကုန်ကျများစွာခံလျက် ကုသသော်လည်း မကြာခဏ ပြန်ပေါ် လေ့ရှိသည်။ သို့သော် ယုံကြည်သူများအနေဖြင့် ဘုရားသခင်နှင့်သူတို့စပ်ကြားရှိအပြစ်များကိုဖယ်ရှား ပြီး ဆုတောင်း သောအခါ ရောဂါသည် လျှင်မြန်စွာ ပျောက်ကင်းသက်သာလျက် အမာရွတ်ကျန်ခဲ့ခြင်း၊ နောက်ဆက်တွဲဆိုးကျိုးပြသနာထွက်ပေါ်ခြင်းမရှိဘဲ ကျန်းမာကြသည်။

အသက်ရှင်လျက် ကျန်းမာခြင်းကိုပေးပိုင်သော ဘုရားသခင်၏ဂုဏ်တော်ချီးမွမ်းခြင်းရှိပါစေသော်။

# သင်၏စိတ်နှလုံးအကြွင်းမဲ့ဖြင့်

"သင်၏ဘုရားသခင်၊ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့ ဟူသော ပညတ် သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်း ဖြစ်၏။ ထိုမှတစ်ပါးကိုယ်နှင့်စပ်ဆိုင်သော သူကိုကိုယ်နှင့်အ မျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏။ ဤပညတ်နှစ်ပါးတို့မူကား ပညတ္တိကျမ်း နှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏အချက်အချာပင် ဖြစ်သတည်းဟု (ယေရှု) မိန့်တော်မူ၏။" (မ ၂၂း၃၇-၄၀)


သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

အိုလံပစ်အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုရရှိထားသောသူများသည် မည်မျှအထိ ပျော်ရွှင်ကြမည် နည်း။ ယခင်က သူတို့၏ ခက်ခဲပင်ပန်းမှုမျိုးစုံဖြင့် လေ့ကျင့်ခဲ့ရသောလေ့ကျင့်မှုများသည် ယခုအခါ ဝမ်း မြောက်ခြင်းအဖြစ်သို့ ပြောင်းလဲခဲ့ရပါပြီ။ ထိုနည်းတူစွာ ဝိညာဉ်ရေးရာ၌လည်း သူတည်းဟူသော စာတန်ကို တိုက်ခိုက်၍ အောင်ပွဲခံပြီးသည့်နောက်တွင် ထိုသို့ ဖြစ်လိမ့်မည်။ လောကတွင် နှိုင်းယှဉ်စရာမရှိ လောက် အောင် ကြီးကျယ်ခမ်းနားသည့် ယေရုဆလင်မြို့သစ်သို့ ကျွန်ုပ်တို့သည် ဝင်ခွင့်ရရှိလိမ့်မည်။ လောက၌ပင် လျှင် ဆုရရှိဖို့ ခက်ခဲပင်ပန်းစွာ လေ့ကျင့်ဖို့ လိုသည်။ ထိုသို့ဆိုလျှင် ကောင်းကင်နိုင်ငံတွင် ဆုလဒ်သရဖူများ ရရှိဖို့ မည်မျှအထိ ကြိုးစားအားထုတ်ဖို့ လိုအပ်မည်နည်း။

## ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်းဆိုသည်မှာ ကောင်းသောအမှုကို လုပ်ဆောင်ခြင်းဖြစ်သည်။

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်သောသူအနေဖြင့် မိမိပြောသည့်စကား၊ မိမိလုပ်သည့်အလုပ်ကို အစဉ်မပြတ်ဝေဖန်ပိုင်းခြားရမည်။ ဘုရားသခင်၏ရှေ့တွင် ကောင်းသောစကား၊ ကောင်းသောအတွေးအခေါ်အားဖြင့် မိမိ အသက်တာကိုပြုပြင်ရမည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် အထောက်အကူဖြစ်စေနိုင်သော မေးခွန်းအ ချို့ကို အောက်တွင်ဖော်ပြထားသည်။

သူတစ်ပါး၏ ကောင်းကျိုး (သို့) မိမိကောင်းကျိုးကို ဦးစားပေး၍ ရှာဖွေပါသလား။ သူတစ်ပါးကောင်းစားသည်ကို တွေ့မြင်သောအခါ မိမိကောင်းစားသကဲ့သို့ ဝမ်းမြောက်နိုင်ပါသလား။ သို့မဟုတ် "ဒီလူ ဘာအရည်အချင်းမှမရှိဘဲနဲ့ ဘာလို့ဒီလောက်ကောင်းစားနေရတာလဲ" ဟု စိတ်ထဲမှကျိန်ဆဲနေပါသလား။ တစ်စုံတစ်ယောက်က ဒုက္ခပေးနေသဖြင့် စိတ်ပျက်ညည်းညူနေပါသလား။

ထိုသို့သော သူတို့အနေဖြင့် ကျေးဇူးတော်နှင့်ဆိုင်သောတရားဟောချက်များကို ကြားနာခဲ့ရသော်လည်း ဘုရားသခင်၏ကောင်းမြတ်ခြင်းအတွက်စိတ်အားထက်သန်သည်ဟုပြောနိုင်မည်မဟုတ်ပါ။ဘုရားသခင်၏ ကောင်းမြတ်ခြင်းအသက်တာထဲသို့ လက်တွေ့ကျရောက်လာစေဖို့ ကြားနာခဲ့ရသည့်နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းရ မည်။ ထိုသို့ ပြုလုပ်ခြင်းသည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်ကြောင်း စတင်ပြသနိုင်ခြင်းဖြစ်သည်။

သာ၍အရေးကြီးသည့်အချက်ကို မှတ်သားထားနိုင်စေရန် ဖော်ပြပါရစေ။ ဘုရားသခင်၏တရားစီရင်ခြင်းဆိုင်ရာစံချိန်သတ်မှတ်ချက်သည် လူ၏သတ်မှတ်ချက်နှင့်မတူပါ။ လူ၏ရှေ့တွင်သာမက ဘုရားသခင်၏ရှေ့တွင် ဖြေင့်မတ်သောအကျင့်ကိုကျင့်ရမည်ဟု ထွ ၁၅း၂၆ တွင် ဖော်ပြထားသည်။ လူတို့အသိအမှတ်ပြုသော ကောင်းမြတ်ခြင်းနှင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းတို့သည် ကွာခြားချက်ရှိသည်။

လူအချို့တို့သည် လူရှေ့တွင် ယဉ်ကျေးသိမ်မွေ့သောသူဖြစ်သော်လည်း စိတ်ထဲတွင်ရက်စက်ကြမ်းကြုတ် သောသူများဖြစ်ကြသည်။ ပညာတတ်သောသူက ပညာမတတ်သောသူကို စိတ်ထဲကချိုးနှိမ်လျက် ဆက်ဆံတတ် သည်။ လူအချို့တို့က မိမိသိမှတ်ထားသောအရာသည်သာအမှန်ဆုံးဟု ယူဆလျက် သူတစ်ပါးအကြံပေးသည်ကို လက်မခံလိုကြပေ။ သူတို့အနေဖြင့် သူတစ်ပါး၏ အကြံပေးမှုနောက်သို့ လိုက်ခြင်းဖြင့် ဂုဏ်သိက္ခာကျဆင်းလိမ့် မည်ဟုယူဆကြသည်။သူတစ်ပါးအပေါ်စိတ်ပါလက်ပါကူညီရိုင်းပင်းမှုမရှိကြပါ။ အဘယ်ကြောင့်ဆိုသော် "သူများကို ကူညီရင်းကိုယ့်ဖက်ကအနစ်နာခံရတာချည်းဘဲရှိတယ်" ဟုခံယူထားသောကြောင့် ဖြစ်သည်။ သူတို့၏ စိတ်ထဲတွင် "ငါ သူများကိုအများကြီးကူညီခဲ့ပြီဘဲ" ဟုယူဆထားသဖြင့် မိမိမှားယွင်းသည့်နေရာကိုရှာတွေ့နိုင်ဖို့ အခက်အခဲရှိကြ သည်။

အချို့တို့က အခက်အခဲကို သည်းခံရမည်ဟုဆိုသော်လည်း ကိုယ်တိုင်ကျေးဇူးတော်ခိုးမွမ်းလျက် သည်းမခံနိုင်ပါ။ သူတို့အနေဖြင့် ယုံကြည်ခြင်းကြောင့် ကျရောက်လာသည့်ညှင်းပမ်းနှိပ်စက်ခြင်း၊ ငွေကြေးကြပ်တည်းမှု မေတ္တာဖြင့် ကြံ့ကြံ့ခံနိုင်မည်ဆိုလျှင် ကျေးဇူးတော်အားဖြင့် မျက်နှာပွင့်လန်းခြင်းရလိမ့်မည်။ သို့သော် ထိုသို့သော ခက်ခဲမှုကျရောက်လာသောအခါ မျက်နှာသည် ညှိုးငယ်နေမည်ဆိုလျှင် သူတို့၏ဆင်းရဲဒုက္ခ သာ၍ ကြီးထွားလာမည်။ သူတို့က "ငါတို့ဟာ ဒုက္ခရောက်တဲ့အခါ သည်းခံနိုင်သလောက်သည်းခံခဲ့ပြီးပြီ။ ဘာလို့အခုထိ ကောင်းကြီးမင်္ဂလာမရသေးတာလဲ" ဟု စောဒကတက်ကြလိမ့်မည်။

ထိုသို့ဖြစ်နေစဉ် အခြားသူများသည် သာ၍ရိုးသားသောသူ၊ သစ္စာရှိသောသူ၊ ဖော်ရွေသောသူအဖြစ် ပေါ်လာလိမ့်မည်။ သူတို့အနေဖြင့် သူတစ်ပါး၏အလုပ်ကို ကိုယ့်ဥစ္စာကဲ့သို့သဘောထား၍ လုပ်ဆောင်ကြလိမ့် မည်။ သူတို့သည် လူအများ၏ချီးမွမ်းလျက် အသိအမှတ်ပြုခြင်းခံရသော်လည်း သူတို့၏ဝိညာဉ်ဆာငတ်တောင့်တမှု နည်းပါးသည်။ သူတို့သည် မာသကဲ့သို့ မိမိအသက်တာကိုသန့်ရှင်းစေပြီး ဘုရားသခင်ကို သာ၍ချစ်ရမည့်အစား မိမိတာဝန်ယူရသည့်ကဏ္ဍကို ကြိုးစားလျက်လုပ်ဆောင်ကြလိမ့်မည်။ သူတို့က သူတစ်ပါးကိုကူညီလျက် ကောင်းသောအလုပ်ကို လုပ်ခဲ့ပြီဟု ပြောလိမ့်မည်။ သူတို့သည် သူတို့၏စံချိန်၊ လူအများ၏စံချိန်သတ်မှတ်ချက်အရ လူကောင်းများဖြစ်ကြသော်လည်း ဘုရားသခင်၏ အသိအမှတ်ပြုခြင်းမခံရပါ။

သခင်ယေရှုကဲ့သို့ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်လိုလျှင် ဘုရားသခင်၏ကောင်းမြတ်ခြင်းစံချိန် ကို မှီနိုင်ဖို့ အဖက်ဖက်မှရှာဖွေကာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားရမည်။

## ဒုတိယအနေဖြင့် ဘုရားသခင်ထံသို့ ရှိသမျှပေးလှူခြင်းသည် ဝိညာဉ်ရေးရာမေတ္တာပြသခြင်းဖြစ်သည်။

"ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအစ်ကိုချစ်ရမည်ဟူသောပညတ်တော်ကို ငါတို့သည် ခရစ်တော်ထံ၌ ခံရကြပြီ။" (၁ယော ၄း၂၁)

အချို့သောယုံကြည်သူများအနေဖြင့် ဘုရားသခင်ကို ကြည်ဖြူစွာ ပေးကမ်းကြသော်လည်း အခြားယုံ ကြည်သူများကိုပေးကမ်းခြင်းမရှိကြပါ။ သူတို့အနေဖြင့် သူတို့၏ငွေကြေး၊ အချိန်ကို ဘုရားသခင်အား ပေးသည်သာ မက စိတ်အားထက်သန်စွာ ဆုတောင်းလျက် ဘုရားကျောင်းသို့ မှန်မှန်တက်ကြသည်။ သို့သော် မိမိပတ်ဝန်းကျင်တွင်ရှိသောသူများကို ကူညီနိုင်သည့်အခွင့်အရေးကို သူတို့အနေဖြင့် ရှာဖွေခြင်းမရှိပါ။

သူတို့အနေဖြင့် မိမိပိုင်ဆိုင်သည့်အထဲမှ ဘုရားသခင်ကို အမြောက်အမြား ပေးကမ်းစွန့်ကြဲလှူဒါန်းခဲ့ကြသောလည်း ရသင့်သလောက်အသီးအပွင့်ကို မရရှိနိုင်ကြပါ။ အမှန်အားဖြင့် သူတစ်ပါးကို ထိခိုက်နာကျင်စေဖို့ ဆန္ဒလည်း မရှိကြပါ။ သို့သော် သူတစ်ပါးအပေါ် အမြင်ကျဉ်းမြောင်းသူများ၊ သဘောထားမကြီးနိုင်သူများဖြစ်သည်။ ထို့ကြောင့် သူတစ်ပါးကို တမင်တကာရည်ရွယ်ချက်ထား၍ မဟုတ်ဘဲ များစွာထိခိုက်နာကျင်စေခဲ့ကြသည်။

တစ်စုံတစ်ယောက်သောသူသည် ဝိညာဉ်ရေးရာဆာငတ်တောင့်တသောစိတ်ဖြင့် အစာရှောင်၍ဆုတောင်းလျက်ရှိသည်ဟုဆိုပါစို့။ သူမသည် စေတနာ့ဝန်ထမ်းအလုပ်များစွာကိုလုပ်သည်သာမက ဘုရားသခင်ထံသို့ ပေးလှူသောသူဖြစ်သည်။ သို့သော် ဘုရားသခင်၏နိုင်ငံတော်နှင့် ပျောက်ဆုံးဝိညာဉ်အတွက် ဆုတောင်းခြင်း အားနည်းသည်။ သူမသည် ဝိညာဉ်ပိုင်းတွင် ဆာငတ်သော်လည်း အနီးပတ်ဝန်းကျင်မှလူများနှင့် သင့်မြတ်အောင် နေဖို့ ဆန္ဒမရှိပါ။

အခြားသာဓကကို ပြလိုပါသေးသည်။ သာသနာပြုအဖွဲ့သည် အဖွဲ့ငယ်များခွဲပြီး သန့်ရှင်းရေးလုပ်ငန်းများ လုပ်ခဲ့ကြသည်။ အဖွဲ့ငယ်တစ်ဖွဲ့သည် အခြားအဖွဲ့ထက်စော၍ အလုပ်ပြီးခဲ့သည်။ အခြားအဖွဲ့တစ်ဖွဲ့သည် နောက်ကျသဖြင့် မပြီးပြတ်နိုင်သေးပါ။ အကယ်၍အရင်ပြီးခဲ့သောအဖွဲ့သည် သဘောထားကြီးသောအဖွဲ့ဖြစ်ခဲ့သော် နောက်ကျသောအဖွဲ့ကို ကူညီပေးလိမ့်မည်။ ဝိညာဉ်ရေးရာမေတ္တာတရားခေါင်းပါးသောသူသည် သူတစ်ပါး အတွက် ထည့်သွင်းစဉ်းစားပေးခြင်းမရှိနိုင်ပါ။

ထိုမှတစ်ပါး "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့်သဘောတူ၏။" (မ ၂၂း၃၉) သင်သည် ခမည်းတော်ဘုရား၏ စိတ်သဘောထားကဲ့သို့ မေတ္တာ၊ စေတနာ၊ ရက်ရောမှုနှင့်ပြည့်ဝစေလိုသည်။ ဤကဲ့သို့ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်နိုင်လိမ့်မည်။

## တတိယအနေဖြင့် ခမည်းတော်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်နိုင်ဖို့ ဘုရားသခင်ပေးထားသည့်တာဝန် ကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်သောသူသည် စိတ်အားဖြင့်သာမကဘဲ အပြုအမူပိုင်းအားဖြင့်လည်း ပြသနိုင်ရမည်။ "ခမည်းတော်ဘုရားကို ငါဘာပေးရမလဲ။ ဒီကျေးဇူးတရားကို ငါဘယ်လို တုန့်ပြန်ရမလဲ" ဟု ဆိုလျက် သူသည် ဘုရားသခင်၏နိုင်ငံတော်အတွက် ဆက်ကပ်လိမ့်မည်။ သူတို့သည် အသင်းတော်တွင် ရာထူးမရှိသော်လည်း ဧဝံဂေလိလုပ်ငန်း၊ အသင်းသူအသင်းသားများကို ပြုစုစောင့်ရှောက်ခြင်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများကို အားကျိုးမာန်တက်လုပ်ဆောင်လိမ့်မည်။

သို့သော် အချိန်ကြာလာသည်နှင့်အမျှ အချို့တို့သည် ဆုတ်ယုတ်သွားကြလိမ့်မည်။ သူတို့သည် မထိုက်တန်သူများဖြစ်သဖြင့် အမှုတော်မြတ်ကို စွန့်ခွာလျက် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အသုံးချကြလိမ့်မည်။ သူတို့သည် တာဝန်များကို ထမ်းဆောင်သော်လည်း လူအမြင်ကောင်းအောင်သာလျှင် လုပ်ဆောင်ကြလေ့ရှိသည်။

ဘုရားသခင်ပေးထားသည့်တာဝန်သည် ကြီးသည်ဖြစ်စေငယ်သည်ဖြစ်စေ လူရှေ့၌သာမကကိုယ်တော်၏မျက်မှောက်တော်၌ ကျေပွန်စွာထမ်းဆောင်ရမည်။ ထိုတာဝန်ကို ထမ်းဆောင်ရာ၌လုပ်ဆောင်ရုံသက်သက်မဟုတ်ဘဲ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ မျှော်လင့်ခြင်းဖြင့် အားထုတ်ရမည်။

နှစ်စဉ် ကျင်းပသည့်ရွေးကောက်ပွဲ လူတစ်ယောက်သည် ဥက္ကဌအဖြစ် အရွေးခံရန်ဝင်ခဲ့သော်လည်း အတွင်းရေးမှူးအဖြစ်သာ ရွေးချယ်မှုခံရသည်ဆိုပါစို့။ သူသည် အတွင်းရေးမှူးရာထူးကိုသာ မရရှိသော်လည်း စိတ်နှလုံးအကြွင်းမဲ့ ထိုတာဝန်ကို ထမ်းဆောင်မည်ဆိုလျှင် ဘုရားသခင်ရှေ့မှောက်တွင် သာ၍မွှေးကြိုင်သောရနံ့ဖြစ်လိမ့်မည်။ ထို့နောက် သူသည် ကျေးဇူးတော်ချီးမွမ်းလျက်သာ၍ကြီးမားသည့်ရာထူးနေရာသို့ တိုးမြှင့်ခန့်အပ်ခြင်းခံရလိမ့်မည်။ သူသည် အဖွဲ့ဝင်များကို စေတနာစိတ်ဖြင့် ဂရုစိုက်လျက်ဆုတောင်းပေးမည်ဖြစ်ပြီး နောက်နောင်တွင် ဥက္ကဌနေရာအတွက်မဲထည့်ပေးကြလိမ့်မည်။ အကယ်၍ လက်ရှိဥက္ကဌသည် နောက်နှစ်ရွေးကောက်ပွဲကျင်းပသောအခါ အရွေးမခံရတော့ပါဟု ဆိုပါစို့။ သူမသည် ထပ်မံရွေးချယ်မှုမခံရသောကြောင့် အစေခံလုပ်ငန်းမှလုံးလုံး လျားလျားနှုတ်ထွက်သကဲ့သို့ဖြစ်မည်ဆိုလျှင် သူမလုပ်ခဲ့သောအလုပ်များသည် အစစ်အမှန်မဟုတ်ကြောင်းပြသခြင်းဖြစ်သည်။

ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်သည့်အခါတိုင်းတွင် လုပ်ဆောင်ရုံသက်သက်မဟုတ်ဘဲ ဘုရားသခင်အတွက် စိတ်နှလုံးအကြွင်းမဲ့ပါဝင်ကာ လုပ်ဆောင်ရမည်။ ထိုအခါ မလွဲသာမရှောင်သာ၍ လုပ်ဆောင်ရသည့်အနေအထားကို ရှောင်ရှားနိုင်လိမ့်မည်။ ထိုသို့ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်အစေခံသောအခါ ဝိညာဉ်တော်၊ ကျေးဇူးတော်တို့နှင့် ပြည့်ဝလာမည်။ ဤသို့စိတ်နှလုံးအကြွင်းမဲ့လုပ်ဆောင်သော အလုပ်အားဖြင့် ဘုရားသခင်ရှေ့တွင် မွှေးကြိုင်သောအနံ့ဖြစ်လျက် ဝမ်းမြောက်ခွင့်ရရှိလိမ့်မည်။

ခရစ်တော်၌ချစ်သောညီအစ်ကိုမောင်နှမများ ဘုရားသခင်သည် အပြင်သဏ္ဍာန်ကို ဦးစားပေးခြင်းမရှိပါ။ သူသည် လူ၏စိတ်ထဲတွင် ရှိသောမေတ္တာ၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းတို့အား မွှေးကြိုင်သောရနံ့အဖြစ်ခံယူလိမ့်မည်။ နေ့စဉ်အသက်တာတွင် ကောင်း မြတ်ခြင်းနှင့်မေတ္တာကို တိုးပွားစေနိုင်မည်ဆိုလျှင် ဘုရားသခင်ပေးထားသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင် လိမ့်မည်။ ဤသို့အားထုတ်ခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေနိုင်ဖို့ သင့်အတွက် ကျွန်ုပ်ဆုတောင်း လျက်ရှိပါသည်။

# ဒုတိယမွေးဖွားသော ဘုရားသခင်၏သားသမီးများအတွက် ထင်ရှားသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်များ

**အပြစ်ထဲမှ ကျွန်ုပ်တို့အား ကယ်တင်ခဲ့သောယေရှုခရစ်တော်၏ နာမတော်အားဖြင့် ဒုတိယမွေးဖွားသောသူ သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသက်တာကို သန့်ရှင်း စင်ကြယ်စေနိုင်မှသာ ပြီးပြည့်စုံသော ကယ်တင် ခြင်းကို ရရှိလိမ့်မည်။ (၁ကော ၆း၁၁)**

**သန့်ရှင်းသောဝိညာဉ်တော်၏အဓိကလုပ်ဆောင်ရမည့်တာဝန်မှာ ယေရှုခရစ်တော်ကို လက်ခံလျက် ဒုတိယ မွေးဖွားပြီး ဘုရားသခင်၏သားသမီးဖြစ်ခြင်း၊ လူတို့၏ စိတ်နှလုံးကို လှုပ်ရှားစေပြီး နောင်တရစေရန်နှင့် ဘုရားသ ခင်ကိုချစ်စေရန် ကူညီမစခြင်းစသည့်အလုပ်များဖြစ်၍ ထိုလုပ်ငန်းတာဝန်များသည် သူ၏အခြေခံကျသောလုပ် ငန်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကို ကဏ္ဍာလေးမျိုးဖြင့် ခွဲ၍လေ့လာကြပါစို့။**

## (၁) ဆုကျေးဇူးများ

သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးများဆိုသည်မှာ ဘုရားသခင်၏ မေတ္တာအဖြစ် ထင်ရှားစေဖို့ ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ခေါ်သည်။ ဘုရားသခင်သည် သူ၏ သားသမီးများကို ကျေးဇူးပြုသောအားဖြင့် ဝိညာဉ်ဆုကျေးဇူးများကို ပေးထားသည်၊ ထိုအရာယုံကြည်သူများအတွက် ကယ်တင်ခြင်း၊ အနာငြိမ်းခြင်းနှင့် အတူ အမွေအဖြစ်ဆက်ခံခွင့်ပေးထားသည်။ ယုံကြည်သူတိုင်းအတွက် သူတို့နှင့်သင့်တော်လိုက်ဖက်မည့်ဝိညာဉ် ဆုကျေးဇူး ကိုပေးထားသည်၊

၁ကော (၁၂) တွင် ဖော်ပြထားသည့် ဝိညာဉ်ဆုကျေးဇူးထဲတွင် ပညာတရား၊ ထိုးထွင်းခြင်းတရား၊ ယုံကြည် ခြင်း၊ အနာငြိမ်းခြင်းကို ပြောဆိုခွင့်၊ ထိုဘာသာစကား၏ အနက်အဓိပ္ပာယ်နားလည်ခွင့်တို့ကို အသီးသီးပါဝင်ကြ သည်၊ ဘုရားသခင်သည် လူ၏ စိတ်နှလုံးကိုသိမြင်တော်မူ၏။

၁ကော (၁၃) တွင် ဖော်ပြထားသည့် အတိုင်း အကြီးမြတ်ဆုံးသောဆုကျေးဇူးမှာ မေတ္တာဖြစ်သည်။ ဝိညာဉ် ဆုကျေးဇူးကို လိုချင်သောအခါ (၁ကော ၁၄း၁) မေတ္တာကို သာ၍ရှာဖွေကြပါဟု ဘုရားသခင်အနေဖြင့် တိုက်တွန်း ထားပါသည်၊ အကြောင်းမူကား ဝိညာဉ်ဆုကျေးဇူးများကို ပိုမို၍ခံစားရလေလေ တန်ခိုးအားဖြင့် ဘုရားသခင် ကိုသာ၍ ထိရောက်စွာ မိဿဟာယဖွဲ့နိုင်လေလေ ဖြစ်လိမ့်မည်၊

သူ၏နိုင်ငံတော်အတွက် ဝိညာဉ်ဆုကျေးဇူးများကို အသုံးချစေဖို့ ဘုရားသခင်အလိုတော်ရှိသည်။ ထို့ကြောင့် ဘုရားသခင်၏ သားသမီးအနေဖြင့် ဝိညာဉ်ဆုကျေးဇူးများကို မငြင်းပယ်သင့်ပါဟုဆိုရာ၌ (၁ကော ၁၂း၃) တွင် ဖော်ပြထားသည့်ဆုကျေးဇူးများကို သာ၍ တောင့်တရမည်။ အကယ်၍ သင်သည် သင်းအုပ်ဆရာတစ်ပါးဖြစ်ခဲ့သော ဝိညာဉ်ဆုကျေးဇူးအကြောင်းကို မှန်ကန်စွာ သွန်သင်ပေးသည်သာမက သန့်ရှင်းသော ဝိညာဉ်တော်၏လှုပ်ရှားမှုကို လက်တွေ့ပြသလျက် ဘုရားသခင်အသက်ရှင်ကြောင်း တွေ့ကြုံစေရန် အားထုတ်သင့်သည်၊

## (၂) နားလည်သဘောပေါက်ခြင်း

ဖန်ဆင်းရှင်ဘုရားအနေဖြင့် တစ်ပါးတည်းသောသားတော်ကို အပြစ်သားများအတွက် စေလွှတ်ခြင်းသည် စဉ်းစား၍မရနိုင်လောက်အောင်ကြီးမားသည့်မေတ္တာဖြစ်သည်၊ အကယ်၍တစ်ယောက်သောသူအနေဖြင့် ကိုယ် တော်၏ မေတ္တာအတိမ်အနက်၊ အနိမ့်အမြင့်ကို သဘောပေါက်မည်ဆိုလျှင် ဘုရားသခင်ကိုမေတ္တာတုံ့ပြန်နိုင် လိမ့်မည်၊

အသက်ရှင်စဉ်ကာလ သန့်ရှင်းသော ဝိညာဉ်တော်၏ကူညီမစခြင်းရှိမည်ဆိုလျှင် ဘုရားသခင်ပုန်းတီးသည့် အပြစ်ကို အလွယ်တကူ ပြတ်တောက်စေနိုင်မည်ဖြစ်ပြီး ကိုယ်တော်အား ကျေနပ်စေနိုင်လိမ့်မည်၊ သူ၏အမိန့်ကို နာခံရန် ခက်ခဲသော်လည်း ယုံကြည်ခြင်းရှိလျှင် နာခံနိုင်မည်ဖြစ်ပြီး ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေနိုင်ဖို့ အတတ်နိုင်ဆုံးကြိုးစားလိမ့်မည်။ သို့သော် ကယ်တင်ခြင်းစိတ်ချမှုမရှိသော ယုံကြည်သူအမြောက်အမြားတွေ့ရသည်။ သို့မဟုတ် အချို့သော သူများမူကား ကယ်တင်ခြင်းစိတ်ချရမှုရပြီဟု ထင်လျက်ဘုရားကျောင်းသို့ တက်ကြသော်လည်း အပြစ်တရားနှင့် ဖြောင့်မတ်ခြင်းတရားကား အဘယ်အရာဖြစ်ကြောင်း ရှင်းလင်းစွာ သဘောမပေါက်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်မရရှိသည့်နောက် သူတို့အပေါ်သို့ ကျရောက်လာမည့်တရားစီရင်ခြင်းကိုတွေ့မြင်ခံစားနိုင်ခြင်းမရှိကြပါ။ ရေနှင့်ဝိညာဉ်တော်၌ ဒုတိယမွေးဖွားသောသူ (ယော ၃း၅) ဘုရားသခင်၏ အလိုတော်ကို ဆောင်သော သူ (မ ၇း၂၁) သာလျှင် ကောင်းကင်နိုင်ငံသို့ ဝင်ခွင့်ရမည်ဟု ဘုရားသခင်ယေရှုက ပြတ်သားစွာ မိန့်တော်မူ၏။ ကျွန်ုပ်တို့အနေဖြင့် အပြစ်နှင့် တရားစီရင်ခြင်းကို သဘောပေါက်လျက် (ယော ၁၆း၈) ငရဲမီးအိုင်ကို ရှောင်ရှားနိုင်ဖို့ ကူညီမည့်သူအဖြစ် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်၊

ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ခံရသောဘုရားသခင်၏ သားသမီးများအနေဖြင့်သွေးထွက်သည့်တိုင်အောင် အပြစ်ကို တွန်းလှန်ခြင်း (ဟေဗြဲ ၁၂း၄) မကောင်းမှုနှင့် ညစ်ညူးခြင်း မှန်သမျှကို ရှောင်ရှားခြင်း (၁သက် ၅း၂၂) ပြုလုပ်သည်သာမက ကောင်းကင်နိုင်ငံသို့ အနိုင်အထက်ပြု၍ ဝင်ရမည်၊

## (၃) တိုက်တွန်းခြင်းနှင့်လမ်းပြခြင်းသည် သန့်ရှင်းသောဝိညာဉ်တော် အသံတော်ဖြစ်သည်

ဘုရားသခင်၏ လျှို့ဝှက်ချက်တိုင်အောင် လိုက်၍စစ်တော်မူသော (၁ကော ၂း၁၀-၁၁) သန့်ရှင်းသော ဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးခြင်း၊ မှုတ်သွင်းခြင်းကို ခံရသောသူသည် သူ့လုပ်သောအလုပ်ကို တွေ့ရလိမ့်မည်၊ ကျွန်ုပ်တို့သည် စာတန်၏စခန်းကို ဖြိုဖျက်နိုင်မည်ဖြစ်ပြီး အနာဂတ်အတွက် ပရောဖက်ပြုနိုင်သည်သာမက ဝိညာဉ်လောက၏ လျှို့ဝှက်ချက်ကိုတွေ့ရလိမ့်မည်။

အကြောင်းမူကား သန့်ရှင်းသော ဝိညာဉ်တော်သည် သမ္မာတရား၏ ဝိညာဉ်ဖြစ်သည်၊ (၁ယော ၅း၇) ကျွန်ုပ်တို့ စိတ်ထဲတွင် သမ္မာတရားနှင့်ပြည့်စုံပြီး လက်တွေ့ကျင့်သုံးနိုင်ဖို့သူသည် အမှုပြုလိမ့်မည်၊ အကယ်၍ အရာ ရာတိုင်းအတွက် ဘုရားသခင်ကို အသိအမှတ်ပြုပြီး ယုံကြည်ခြင်းဖြင့် ဆုတောင်းလျက် အခြေအနေအ ရပ်ရပ်အပေါ် ဆက်ကပ်နိုင်ရမည်။ ထိုသို့ ဆက်ကပ်သည့်နောက်ဆင်းရဲဒုက္ခနှင့် ကြုံသောအခါ၌ပင် သန့်ရှင်းသော ဝိညာဉ်တော် ၏ တိုက်တွန်းချက်၊ လမ်းပြမှုများ ခံရလိမ့်မည်၊

အကယ်၍ရှင်းလင်းပြတ်သားသောသန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကိုရခဲ့သော်ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာအသီးသီးတွင် ကောင်းကြီးမင်္ဂလာခံရလျက် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေနိုင်လိမ့်မည်။ ဧဝံဂေလိ တရားကို ဟောပြောခြင်း (သို့) သက်သေခံခြင်းပြုလုပ်ရာတွင် ပြောရမည့်စကားကို ကျွန်ုပ်တို့၏ နှုတ်ပါးစပ်ထဲတွင် ထည့်ပေးလိမ့်မည်၊

သန့်ရှင်းသောဝိညာဉ်တော်သည် အရည်အချင်းနှင့် ပြည့်ဝသော ကျူရှင်ဆရာကဲ့သို့ ဖြစ်၍ ကျွန်ုပ်တို့အား လမ်းပြပေးသောအခါ နှုတ်ကပတ်တော်ကို သာ၍ နားလည်ရသောအခွင့်ရရှိလျက် နာခံလိုက်လျှောက်မှုအပိုင်းတွင် လည်း တိုးတက်လာမည်။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ကိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သမ္မာတ ရားနှင့် ညီညွတ်သောစကား၊ အပြုအမူများရှိလာစေဖို့ ကျွန်ုပ်တို့ကို တိကျစွာ လမ်းညွှန်ပေးလိမ့်မည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းမှုခံရသည်ဆိုသည်မှာ တစ်စုံတစ်ရာကို စတင်လုပ်ဆောင်ဖို့နှိုး ဆော်မှုခံရသည်ဟု ဆိုလိုသည်၊ အကယ်၍ အချိန်ကာလအတိုင်းအတာတစ်ခုအထိ အစာရှောင်လျက် ဆုတောင်း ဖို့ တိကျသည့် နှိုးဆော်မှုရှိလျှင် ထိုအသံတော်သည် သန့်ရှင်းသောဝိညာဉ်တော်၏ အသံတော်ဖြစ်သည်၊ ထိုနှိုးဆော် မှုအတိုင်း ဆက်ကပ်လျှင် သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြမှုခံရလိမ့်မည်၊

## (၄) ခွန်အားနှင့်ပြည့်ဝဖို့ ဆုတောင်းခြင်း

အကယ်၍ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝမည်ဆိုလျှင် အလုပ်ပင်ပန်းသောအခါ၌ ဆုတောင်းသောအခါ မောပန်းခြင်းခံစားရမည်မဟုတ်ပါ။ ပျင်းရိငြီးငွေ့မှုမှာ းခံစားရနိုင်သော်လည်း ယုံကြည်ခြင်းဖြင့် ဝမ်းမြောက်စွာ ဆုတောင်းနိုင်လိမ့်မည်။ ကျွန်ုပ်တို့မေ့လျော့၍ ကျန်ခဲ့သည့်ဆုတောင်းချက်များကို ဝိညာဉ်တော်က ပြန်လည်ဖော်ပြလိမ့်မည်၊

သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်မှန်သမျှကို သိ၍ဖြည့်ဆည်းပေးလိမ့်မည်။ သူ သည် ကျွန်ုပ်တို့အားနည်းသည့်နေရာတွင် ကူညီမစမှုကိုပေးလျက် ဘုရားသခင်၏ အလိုတော်အတိုင်း ဆုတောင်းနိုင်ဖို့သွန်သင်ပေးလိမ့်မည်။ (ရော ၈း၂၆-၂၇) ကျွန်ုပ်တို့၏စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ချက်နှင့်တထပ်တည်းကျသောအခါ ဘုရားသခင် နှစ်သက်သောဆုတောင်းခြင်းကို တောင်းနိုင်လိမ့်မည်၊

သန့်ရှင်းသောဝိညာဉ်တော်ကိုအမှီပြုလျက် ခမည်းတော်ထံသို့ ဆုတောင်းသောပဌာနသည် တစ်မူထူးခြားလိမ့်မည်၊ ထို့ကြောင့် ခမည်းတော်ဘုရားအနေဖြင့် အဖြေပေးလိမ့်မည်။ မိမိဆုတောင်းချက်ကို ဘောင်ခတ်မထား ဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြမှုအတိုင်း ဆုတောင်းသင့်သည်။ တွေ့ကြုံရသောအရာမှန်သမျှ ကျွန်ုပ်တို့ကောင်းကြီးအတွက် ဘုရားသခင်ရည်ရွယ်ထားသဖြင့် သူ့ထံမှအဖြေကို အလွယ်တကူရရှိလိမ့်မည်၊

သန့်ရှင်းသော ဝိညာဉ်တော်ထံ ဆုတောင်းနိုင်ဖို့ စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်ဖို့လိုသည်၊ လောကီတတ် မက်ခြင်း၊ အနိုင်ယူခြင်း၊ စာတန်ကိုတိုက်ခိုက်အောင်မြင်ခြင်းအတွက် ရှေးဦးစွာ ဆုတောင်းပြီးမှ သစ္စာရှိရှိ ဆုတောင်း လျက် နှုတ်ကပတ်တော်အတိုင်း ခြေလှမ်းလှမ်းနိုင်ဖို့ အားထုတ်ရမည်၊ ထို့နောက် နှုတ်ကပတ်တော်ကို လက်နက်အဖြစ်တပ်ဆင်ထားရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့စဉ်စားရမည့်အစာအဖြစ်သို့ပြောင်းလဲစေနိုင်လျှင်ရှင်းလင်းပြတ်သားသောသန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုခံရလိမ့်မည်၊

# အာဖရိကတိုက်တွင်ရှိသောပျောက်ဆုံးသောဝိညာဉ်များအပေါ် သခင်ဘုရား၏မေတ္တာကိုစဉ်းစားဆင်းစေလိုပါ သည်



ဒေါ်အင်ဆုတ်ယွန် (အမျိုးသမီးသာသနာပြုခေါင်းဆောင်၊ ကင်ညပ်နိုင်ငံသို့ နိုင်ရိုဘီရိုဘီမန်းမင်း သန့်ရှင်း သော အသင်းတော်)

ကျွန်မ၏ခင်ပွန်းဘီရှော့ဒေါက်တာမြောင်ဟိုချောင်သည် ၁၉၉၀ ပြည့်နှစ်ဒီဇင်ဘာတွင် မန်းမင်းဗဟိုအသင်းတော်သို့ ခေါ်ဖိတ်ခြင်းခံရစဉ်က ဒေါက်တာဂျေရောက်လီထံမှ ဝိညာဉ်ကောင်းကြီးများစွာခံစားခဲ့ရကြောင်း ပြော ခဲ့သည်။ ဒေါက်တာလီ၏ခြောက်ရက်တာအတွင်းမန္တမုန့်ဆိုသည့်တရားဟောချက်ခေါင်းစဉ်နှင့်ဗျာဒိတ်ကျမ်းအနက် နှင့် ပို့ချချက်အပေါ် အထူးသဖြင့် ခွန်အားရရှိခဲ့သည်။

ဘုရားသခင်၏ လမ်းပြမှုအတိုင်း ကင်ညာနိုင်ငံမှအာဖရိကာသာသနာပြုလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်ဇူလိုင်လတွင် ကျွန်မတို့ဇနီးမောင်နှံက မန်းမင်းဗဟိုအသင်းတော်သို့ ဘုရားသခင်၏ လမ်းပြမှု အတိုင်း မှတ်ပုံတင်ခဲ့ကြသည်။ ကျွန်မ၏ခင်ပွန်းသည် ဟောရှေ့တက္ကသိုလ်အင်္ဂလိပ်စာဌာနတွင် ကထိကတာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ တနေ့သောအခါ အာဖရိကသာသနာပြုလုပ်ငန်းကို လုပ်ဆောင်ဖို့ သန့်ရှင်းသော ဝိညာဉ်တော်က နှိုးဆော်သဖြင့် နိုင်ရိုဘီတက္ကသိုလ်သို့ ပြောင်းရွှေ့ဖို့ လျှောက်ထားခဲ့သည်။

ကျွန်မတာဝန်ယူလျက် ပြုစုခဲ့သော တပည့်တော်စုတို့ကို သနားသော်လည်း ကျွန်မ၏ ခင်ပွန်းသည်အား ၁၉၉၄ ခုစက်တင်ဘာလတွင် မန်းမင်းဗဟိုအသင်းတော်မှ သာသနာပြုလုပ်ငန်းကို စတင်ပေးအပ်ခဲ့သဖြင့် နောက် နှစ်မတ်လတွင်ကျွန်မလည်းလိုက်ပါသွားခဲ့သည်။ထိုနေရာသို့ရောက်သောအခါဘာသာစကားသင်ယူခြင်း ယဉ်ကျေးမှုအသစ်ကိုလေ့လာခြင်း၊ ဒေသခံများနှင့်ရင်းနှီးစေရန် အားထုတ်ခြင်းအမှုများကို လုပ်ဆောင်ခဲ့သည်။ ဒေါက်တာဂျေ ရောက်လီကိုအလွန်သတိရသည်သာမကကိုရီးယားဘာသာစကားဖြင့်ပြုလုပ်သည့်ဝတ်ပြုစည်းဝေးကိုလည်းတောင့်တခဲ့သည်။

ရှေးဦးစွာ ကင်ညာနိုင်ငံဒေသန္တအသင်းတော်တစ်ပါး၏ ဝတ်ပြုစည်းဝေးသို့တက်၍ မန်းမင်းဗဟိုအသင်း တော်မှ ပေးပို့ခဲ့သောဝတ်ပြုခြင်းမှတ်တမ်းဗီဒီယိုကို ပြသခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် ကင်ညာနိုင်ငံ၏ မြို့တော် နိုင်ရိုဘီတွင် သာသနာပြုလုပ်ငန်းစတင်ဖွင့်လှစ်ခဲ့ကြသည်။ ထိုနှစ်အောက်တိုဘာလတွင် သိက္ခာတော်ရဆရာရာ ထူးကို ကျွန်မ၏ခင်ပွန်းသည်ကိုပေးခဲ့သည်။ ထို့နောက် အမှုတော်ဆောင်များကို အားကိုးမာန်တက်သင်တန်း ပေးခဲ့ သည်။ ဒေါက်တာဂျေရောက်လီအားဖွင့်ပြခဲ့သည်။ သန့်ရှင်းခြင်းဧဝံဂေလိတရားကို သူသည် စိတ်အားထက် သန်စွာ ဝေငှခဲ့သည်။

တရားနာပရိသတ်က ထိုသို့သော တရားဒေသနာကို မကြားခဲ့ဖူးကြောင်းနှင့် ဒေါက်တာဂျေရောက်လီကိုလည်း ထူးဆန်းသောအမှုတော်ဆောင်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ထို့နောက် သူသည် ကင်ညာနိုင်ငံ၏ အခြားမြို့များတွင်လည်း တက်ကြွစွာ တရားပွဲများဆက်တိုက်ကျင်းပခဲ့သည်။ သို့သော် သာသနာနယ်တွင် ဆင်း ရဲဒုက္ခများစွာနှင့်တွေ့ကြုံခဲ့ရသည်။ သာသနာခရီးစဉ်တလျှောက်တွင် သူ့ကိုပြုစုစောင့်ရှောက်ဖို့ ကျွန်မလိုက်ပါသွား ခဲ့သည်။ ကားလမ်းမကောင်းသောကြောင့် ကျွန်မတို့ကားသည် မကြာခဏပျက်ခဲ့သည်။

ကျွန်မငယ်ရွယ်စဉ်ကပင် ကားမူးတတ်သော ရောဂါရှိသဖြင့် ဤသို့ ကားကို ရက်အတော်ကြာသည့်တိုင် အောင် စီးရသည့်အခါ အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည်။ တနေ့သောအခါကားပြင်ဆိုင်သို့သွား၍ ကားကို ပြင်ခိုင်း သည်။ ထိုဆိုင်သည် နေအိမ်မှကီလိုမီတာရာနှင့်ချီပြီး ဝေးသည်။ ထိုကားကို အိမ်သို့ပြန်လာရာလမ်းတွင် ပြန်ပျက် သွားသည်။ ကားပြင်သမားက ပစ္စည်းတခုမှားယွင်းကာထည့်လိုက်သောကြောင့် ဖြစ်သည်။ ထိုပစ္စည်းကို မှာလိုက်ရာ (၃) ရက်ကြာမှ ရောက်လာသည်။

ကျွန်ုပ်တို့သည် ငွေကိုချွေတာသုံးစွဲရန် သိသော်လည်း ဟိုတယ်ခန်းငှား၍ အသုံးပြုခဲ့ကြရသည်။ အချို့နေရာတွင် ကြမ်းပိုးအလွန် သောင်းကျန်းသည်ကို အမှတ်ရနေဆဲဖြစ်သည်။

ဘီရှော့ဒေါက်တာချောင်သည် သာသနာပြုခရီးစဉ်ကို မကြာခဏသွားခဲ့ရသည်။ သူမရှိစဉ်ကာလဌာန ချုပ်တွင်ရှိသော အမှုတော်ဆောင်များကို ကျွန်မဦးဆောင်ခဲ့ရသည်။ ထိုသို့ ဦးဆောင်ရခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပါ။ သို့သော် ထိုသို့သော ခက်ခဲမှုကြုံရသည့်အခါတိုင်း ဒေါက်တာဂျေရောက်လီ၏ မျက်နှာကို ပြန်၍ မြင်ယောင်မိခဲ့သည်။ ဘီရှော့ဒေါက်တာချောင်သည် ဝမ်းမြောက်စွာအမှုတော်မြတ်၌ ပါဝင်နေသည်ကို တွေ့ရသော အခါ ကျွန်မလည်းဝမ်းသာခဲ့ရသည်။ ကျွန်မတို့နှင့် လက်တွဲနေကြသော အမှုတော်ဆောင်များသည်လည်း သန့်ရှင်း သော ဧဝံဂေလိတရားဖြင့် အသက်တာပြောင်းလဲခဲ့ကြသည်။

ယူဂန်ဒါနိုင်ငံ၏သန့်ရှင်းသော ဧဝံဂေလိတရားပွဲကျင်းပသည့်နောက် နိုင်ရိုဘီသန့်ရှင်းသော မန်းမင်းအသင်း တော်သည် အစဉ်အတိုင်းကြီးထွားလာသည်။

၂၀၀၀ ပြည့်နှစ်ဇူလိုင်လတွင် ကျင်းပသည့်ဒေါက်တာဂျေရောက်လီယူဂန်ဒါနိုင်ငံသန့်ရှင်းသော ဧဝံဂေလိ တရားပွဲသည် အာဖရိကာသာသနာပြုလုပ်ငန်းအတွက် မှတ်တိုင်ဖြစ်ခဲ့သည်။ တွန်းလှည်းနှင့်သွားရသောသူများပြန် ထလာပြီး လမ်းလျှောက်နိုင်ခဲ့ကြသည်။ နားပင်းသူများကြားရလျက် မျက်စိကန်းသူများပြန်မြင်သည်သာမက အိတ်စ် ရောဂါသည်များပင် သက်သာပျောက်ကင်းခွင့်ရရှိခဲ့ကြသည်။

တနင်္ဂနွေနေ့၏နေ့လည်စာကိုပြင်ဆင်နေခိုက် အစောင်တွင် မှတ်နေသောသူအမြောက်အများရောက်ရှိလာ ခဲ့ကြသည်။ ချက်ပြုတ်ထားသောအစားအစာနှင့်လာကြသောသူများ၊ အားလုံးမလောက်မဖြစ်မည်ကို အလွန်စိုးရိမ်ခဲ့ရသည်။ အတူတကွ ဆုတောင်းကြပြီး ထမင်းချက်ထားသည့်ဒယ်အိုးကြီးကို ဖွင့်ကြည့်သောအခါ ထမင်းသည် (၃) ဆအထိ ပွားများလာသည်ကို အံ့သြဖွယ်မြင်တွေ့ခဲ့ကြသည်။

အားလုံးဝမ်းမြောက်ကြလျက် ဘုရားသခင်၏မေ တ္တာကို အတူတကွမျှဝေခံစားခွင့်ရရှိခဲ့ကြသည်။ ဒေါက်တာဂျေရောက်လီဆုတောင်းလျက် ကောင်းကြီးပေးထားသည့် လက်ကိုင်ပုဝါကို အသုံးပြုခြင်းဖြင့် နိမိတ်လက္ခဏာပေါင်းများစွာ တွေ့ခဲ့ရသည်။

တနင်္ဂနွေနေ့တွင် အသင်းသားတစ်ဦးက လူနာတစ်ဦးကို ခေါ်ဆောင်လာသည်။ ထိုလူနာသည် ချောင်းဆိုးသည့်ဒဏ်ကြောင့် သေလုနီးပါးဖြစ်ခဲ့သည်။ လက်ကိုင်ပဝါကို အသုံးပြုလျက် သူ့အပေါ်သို့ ဆုတောင်းသောအခါ သူ သည် ကျန်းမာစွာဖြင့် အိမ်သို့ပြန်သွားခဲ့သည်။ အခြားမိန်းမတစ်ဦးသည် မျက်နှာ၏အရေပြားရောင်သည့်ရောဂါခံစားခဲ့သည်။ သူမကိုလည်း ဆုတောင်းလျက် ကောင်းကြီးပေးခဲ့ရာ ကျန်းမာခြင်းအခွင့် ပြန်လည်ရရှိခဲ့သည်။

တနေ့သောအခါ အမှုတော်ဆောင်အချို့ကို နတ်ဆိုးစွဲသောမိန်းမတစ်ဦးကပင် ပြင်းထန်စွာ နှောက်ယှက်ခဲ့ သည်။ ကျွန်ုပ်အနေဖြင့် သူမအတွက် ဆုတောင်းပေးသောအခါ နတ်ဆိုးထွက်သွား၍ ပုံမှန်ပြန်ဖြစ်လာသည်။ ကျွန်ုပ် ၏ လက်နှင့်လက်ကိုင်ပဝါမှ ထွက်သောအလင်းသည် သူမ၏ မျက်စိကို ထိခိုက်စေသဖြင့် မျက်စိမဖွင့်နိုင်ပါဟု သူမ ကပြောခဲ့သည်။ ဒေါက်တာဂျေရောက်လီဆုတောင်းထားသည့်လက်ကိုင်ပဝါသည်အလွန်အစွမ်းထက်သည်ကို တွေ့ရ သည်။

အာဖရိကတိုက်၏နိုင်ငံ (၅၅) နိုင်ငံတွင် ဘုရားသခင်၏မေတ္တာတော်ခံစားနေရကြောင်း ကျွန်ုပ်သဘော ပေါက်ခဲ့သည်။

ကျွန်ုပ်သည်အစာမကြေသည့်ရောဂါကိုမကြာခဏခံစားခဲ့ရသည်။ ၂၀၁၁ ခုနှစ်အစောပိုင်းတွင် ကျွန်ုပ် ၏ရောဂါကိုစစ်ဆေးသောအခါ အစာအိမ်ရောဂါဖြစ်ကြောင်းတွေ့ရသည်။ ကျွန်ုပ်၏အတိတ်ကာလကို ပြန်လည်ဆန်း စစ်ခဲ့သည်။ ဘုရားသခင်၏မျက်မှောက်တော်တွင် မကောင်းမသင့်သောအရာတစ်ခုပြုလုပ်ခဲ့သဖြင့် နောင်တစိတ်ဖြင့် ဆုတောင်းခဲ့သည်။ ထို့နောက် ဝိဉာဉ်တော်၏သွန်သင်မှုကိုခံခဲ့ရသည်။ အာဖရိကပြည်သူများထံသို့ ဘုရားသခင် ၏မေတ္တာကိုသာ၍သွန်းလောင်းဖို့သွန်သင်မှုခံခဲ့ရသည်။ ကျွန်ုပ်သည် ဝိဉာဉ်ခွန်အားအလွန်ရရှိခဲ့သည်။ တနေ့သောအခါ အိပ်မက်တစ်ခု၏အဓိပ္ပာယ်ကိုသိခွင့်ရခဲ့သည်။ အိပ်မက်ထဲတွင် “အားကစားရုံထဲတွင် ပြိုင်ပွဲတစ်ခုကျင်းပနေပြီ။ ဘာကြောင့် သင် သည်မှာထိုင်နေရသလဲ”ဟုပြောသည်ကိုကြားခဲ့သည်။ ကျွန်ုပ်သည် အား ကစားရုံသို့ သွား၍မတ်တပ်ရပ်နေခဲ့သည်။ အိပ်မက်မှပြန်နိုးဘာသောအခါ အာဖရိကာသာသန်လုပ်ငန်းကို အားဖြည့် ပေးဖို့ ပြင်းထန်စွာ ဆုတောင်းခဲ့သည်။ ဘုရားသခင်၏မေတ္တာဖြင့် ပြုပြင်ပြောင်းလဲမှုများစွာခံစားရရန်ရှိကြောင်းနှင့် ဆရာချောင်၏သာသနာ လုပ်ငန်းတွင် ပံ့ပိုးပေးသူဖြစ်ဖို့သိခဲ့ရသည်။

ပျောက်ဆုံးသောဝိဉာဉ်များကို သနားလျက် မေတ္တာမျှဝေပေးဖို့ ဘုရားသခင်သည် ကျွန်ုပ်ကို အလိုရှိသည်။ ကျွန်ုပ်ဆုတောင်းသည့်အခါ ထိုစိတ်သည်သာ၍ကြီးထွားလာသည်။ ၂၀၁၄ ခုမတ်လ ၃၁ ရက်နေ့တွင် ထိုဝိဉာဉ်ကို ကျွန်ုပ်ရရှိခဲ့သည်။

ယခု ဘီရှော့ချောင်၏သာသနာလုပ်ငန်းတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်ဖို့ အားထုတ်နေလျက်ရှိ သည်။ ဆရာချောင်အပ်အဝင် အာဖရိကတိုက်ရှိနိုင်ငံ (၅၅) နိုင်ငံကို ထိုးဖောက်လျက်ရှိသော အမှုတော်ဆောင်များကိုလည်း ကူညီထောက်ပံ့ပေးရဦးမည်။ ကျွန်ုပ်အနေဖြင့် သူတို့အပေါ်သို့ အပြတ်မလတ် ဘုရားသခင်၏မေတ္တာကို သွန်းလောင်းပေးလိုသောစိတ်ရှိသည်။ ဘုရားသခင်၏မေတ္တာကိုအာဖရိကတိုက်အပေါ်သို့ဝေမျှပေးကမ်းလိုပါသည်။ ဘုရားသခင်၏နာမတော်သာ၍ဘုန်းကြီးပါစေ။

Burmese
မန်းမင်းသတင်းလွှာ
မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။
လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ၊ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminministry@manmin.org
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း